## ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများအရှိန်အဟုန်မြှင့်တင်ရေး

## အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ

### ရည်ရွယ်ချက်

၁။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် မူးယစ်ဆေးအန္တရာယ်ကင်းစင်ပပျောက်ရေး၊ ဆေးလိပ်သောက်သုံးမှုကင်းစင်ပပျောက်ရေး၊ အရက်အလွန်အကျွံသောက်သုံးခြင်းနှင့် နောက်ဆက်တွဲအန္တရာယ်များ လျှော့ချရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများ လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်တို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းပပျောက်ရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာအသိပညာဗဟုသုတများကို ထည့်သွင်းသင်ကြားပေးနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများတွင်ဂိမ်းအလွန်အကျွံစွဲလမ်းမှု ပပျောက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးလှုပ်ရှားမှု အသွင်ဖြင့်အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်၊

၂။ ကျောင်းသား၊ ကျောင်းသူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက်ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အခြားနှီးနွယ်ဆက်စပ်သည့်ဌာနများ၊ အဖွဲ့အစည်းများပါဝင်၍ ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများအား အမှန်တကယ်လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ် စီမံချက်တစ်ရပ်ရေးဆွဲရန်။